www.burmeseclassic.com



တချို့က ကျင်းဖုန်းအား အထင်ကြီးသောအကြည့်ဖြင့် ကြည့်ကြ၏။

တချို့ကမူ စက်ဆုပ်ရွံရှာသောအကြည့်ဖြင့် ကြည့်ကြလေသည်။

မည်သို့ဆိုစေ ... ကျင်းဖုန်း၏အမည်က တောင်ကြားမြို့ကလေးတစ်မြို့အား ဖုံးလွှမ်းသွားလေသည်။

ရွှေစည်းစိမ်သို့ ပြန်ရောက်သောအခါ ရွှေစည်းစိမ်ပိုင်ရှင် ချာရဲလုကိုယ်တိုင်က ခရီးဦးကြိုပြုလိုက်လေသည်။

သူ၏လက်နှစ်ဖက်ဖြင့် ကျင်းဖုန်း၏လက်နှစ်ဖက်ကို ဆုပ်ကိုင်ကာ ခရီးဦးကြိုပြုလိုက်ခြင်း ဖြစ်လေသည်။

ကျင်းဖုန်းသည် ချာရဲလု လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်နှင့်တစ်ပြိုင်နက် ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားမိ၏။

အကြောင်းကား သူ၏လက်အား ဆုပ်ကိုင်ထားသော ချာရဲလု၏ လက်နှစ်ဖက်သည် ပြုတ်တူသဖွယ် သူ၏လက်အား ဖမ်းညှပ်သလို ခံစားလိုက်ရလေပေတော့ဖြစ်သည်။

သူက မဲ့ပြုံးပြုံးလိုက်၏။ သူသည် အတွင်းအားကို စုစည်းကာ မိမိ၏လက်ချောင်းကလေးများဆီသို့ ပို့လွှတ်လိုက်လေသည်။



ယင်းကြောင့် ချာရဲလု၏လက်ဖျားသည် တဖြည်းဖြည်း ပြေလျော့လာ၏။

ကျင်းဖုန်းက ပြုံးရင်းသူ့အား စိုက်ကြည့်လိုက်လေသည်။ ချာရဲလုကလည်း ပြုံး၍ပြန်လည်စိုက်ကြည့်နေ၏။ သို့သော် သူ၏နဖူးပြင်တွင် ချွေးများစို့လာလေသည်။

သူက မိမိလက်ကို ပြေလျှော့လိုက်ပြီး ....

"တောင်ကြားသခင်က လေးစားမယ်ဆိုလည်း လေးစားလောက်ပါတယ်ဗျာ"

ကျင်းဖုန်းက အေးစက်စက်ဖြင့် ပြုံးလိုက်၏။

"အဟင်း ဟင်း ... ခင်ဗျားရဲ့လက်ဝါးအားက တကယ်ပြင်းတာကိုး၊ ဒါနဲ့တောင်မှ ဝိလိန်ကို ကျုပ်ကိုယ်တိုင် သွားခေါ်ရတယ်ဆိုတော့ ခင်ဗျားရဲ့လက်ကို ဖြတ်ပစ်လိုက်ဖို့သင့်ပါတယ်"

ချာရဲလု၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။ သူက ပခုံးတစ်ချက်တွန့်လိုက်ကာ ...

"ဒါကတော့ တောင်ကြားမြို့သခင်ရဲ့ပစ္စည်းကိုး၊ သူက ဝိလိန်ကို ခင်ဗျားရဲ့လက်ထဲ ပေးလိုက်တာဟာ တကယ်အံ့ဩစရာပါပဲ၊ ကျုပ်ဖြင့် ယုံတောင်မယုံနိုင်အောင်ပါဘဲ"

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမက ချက်ချင်းပင် ဣန္ဒြေဆည်လိုက်သည်။

"အို ... ကျွန်မက ရှင့်ကို အရင်ပြုံးရပါရစေ"

ကျင်းဖုန်းက သူမမျက်နှာပျက်သွားသည်ကို တွေ့မြင်ထားလေသည်။ ထို့ကြောင့် ပြုံး၍ခေါင်းခါယမ်းလိုက်သည်။

"ဟာ ... မင်းပြုံးစုတာ များနေပါပြီ၊ ဒီတစ်ခါ ကျုပ်က ပြုံးရပါရစေဦး"

ပြောပြီး အရက်တိုက်ရန် ဟန်ပြင်လိုက်သည်။ ဝိလိန်က ခေါင်းခါယမ်းလိုက်၏။

"အို ... ကျွန်မ အရက်မသောက်ချင်ဘူး"

ဟု ပြောရင်း နောက်ဆုတ်သွားသည်။

ကျင်းဖုန်းက အရက်ခွက်ကိုကိုင်ရင်း ရှေ့သို့တိုးလာလေသည်။

ဝိလိန်က ဟန်မဆောင်နိုင်တော့ပါ။ သူမ၏မျက်နှာက သိသိသာသာ ပျက်ယွင်းသွားလေသည်။

ကျင်းဖုန်းက အားပါးတရ ရယ်မောလိုက်၏။

"ဟား ဟား ဟား ... ငါတိုက်တဲ့ အရက်ထဲမှာ အဆိပ်ပါနေလို့လားကွာ"



ဝိလိန်၏ခန္ဓာကိုယ်တစ်ခုလုံး တုန်တုန်ယင်ယင် ဖြစ်လာလေသည်။

သူမလက်ထဲတွင် ကိုင်ထားသော အရက်ခွက်မှာလည်း လွတ်ကျသွား၏။

ကျင်းဖုန်းက အားပါးတရရယ်မောရင်း ငွေမောင်းလေးအား ထုလိုက်လေသည်။

'ဒူ'

ဟူသောအသံ ဆုံးသွားသည်နှင့် မိန်းကလေးတစ်ယောက်က ဝင်ရောက်လာလေသည်။ သူက မိန်းကလေးအား ပြုံးပြလိုက်၏။

"ဒီနေ့ဟာ ငါ့ရဲ့အပျော်ဆုံးနေ့ပဲ၊ ရော့ ... မင်းအတွက် ဘောက်ဆူး"

ပြောပြီး အင်္ကျီအိတ်ထဲမှ ငွေတုံးနှစ်တုံးကို နှိုက်ပေးလိုက်လေသည်။

မိန်းကလေးက သူ့အား ကြောင်းအမ်းအမ်းဖြင့် ကြည့်နေ၏။

ကျင်းဖုန်းက သူမအား ပြုံးပြလိုက်သည်။

"ရော့ ... ဒီအရက် မင်းသောက်လိုက်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ထိုအသံကြောင့် ကျင်းဖုန်းက အခန်းတံခါးဝဘက်သို့ လှည့်ကြည့်လိုက်လေသည်။

ယင်းသို့ကြည့်လိုက်မိသည်နှင့် မိမိအား မဲ့ပြုံးပြုံးကာ ကြည့်နေသော ချာရဲလုအား တွေ့မြင်လိုက်ရလေတော့သည်။

✷

ချာရဲလုသည် တံခါးပေါင်ကိုမှီကာ ပြုံး၍ကြည့်နေ၏။

အတန်ကြာမှ သူက ပခုံးတစ်ချက်တွန့်လိုက်ပြီး ...

"ဒါက လူသတ်မှုပဲ"

ဟု ပြောလိုက်၏။ ကျင်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဗိလိန်က ကျုပ်ကို အဆိပ်ခတ်တယ်လေ"

ချာရဲလုက ခေါင်းခါယမ်းလိုက်၏။

"ကျုပ်မြင်တာတော့ မင်းက မိန်းကလေးကို အရက်တိုက်တယ်၊ နောက်တော့ မိန်းကလေးက သေသွားတယ် ... ဒါပဲ ကျုပ်က မြင်မိတယ်"



ကျင်းဖုန်းက အံကိုတင်းတင်းကြိတ်ကာ ဗိလိန်အား ဆောင့်ဆွဲလိုက်၏။

ဗိလိန်က မဟန်နိုင်တော့ဘဲ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

ချာရဲလုက ပြုံး၍ကြည့်နေ၏။

ကျင်းဖုန်းက ဗိလိန်အား ဆွဲထူကာ ...

"မင်း ... မင်း မိန်းမယုတ်"

သူက ပြောပြီး ရိုက်ရန်ဟန်ပြင်လိုက်သည်။

ချာရဲလုက ရယ်မောလိုက်၏။

"ကျင်းဖုန်း ... ခင်ဗျားက လူသတ်မှုအပြင် ညှဉ်းပန်းနှိပ်စက်မှုနဲ့ အဖမ်းခံနေဦးမယ်နော်"

ကျင်းဖုန်း၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားလေသည်။

"ဘာ ... ဘာပြောတယ်"

ချာရဲလုက သဘောကျစွာ ရယ်မောလိုက်၏။

သူက သေခုံးနေသော မိန်းကလေးအား ညွှန်ပြကာ ...

"သူက ဘယ်သူလဲ ... သိလား"

ကျင်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ဝမ်းကျုံးစန်းအား ဖမ်းခဲ့သောလူနှင့် ယှဉ်ပြိုင်စဉ်က အလွန်ပင် သတိထားခဲ့ရလေသည်။

ယင်းအချိန်က သူ့အနားတွင် ရှောင်ရှမ်းရှိနေသဖြင့် အနိုင်ရကာ ဝမ်းကျုံးစန်းအား ကယ်တင်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

ယခု မိမိ၏အနားတွင် ရှောင်ရှမ်းက ရှိနေခဲ့ပါချေ။

ယင်းကြောင့် မိမိက ဝမ်းကျုံးစန်းအား ယှဉ်နိုင်ပါမည်လော။

မိမိအတွက် အရှုံးနှင့်ရင်ဆိုင်ရမည်က အလေးသာနေလေသည်။

ချာရဲလုက ပခုံး တစ်ချက်တွန့်ကာ ...

"တစ်ခုတော့ရှိတယ် ... ဒီမြို့မှာ ဝမ်းကျုံးစန်းက အာဏာအရှိဆုံးလူ၊ သူ့ကိုသတ်နိုင်ရင်တော့ ခင်ဗျားက ဒီမြို့ရဲ့ အာဏာအရှိဆုံးလူ ဖြစ်လာလိမ့်မယ်၊ ဒီအပြင် လူသတ်မှုနဲ့လည်း အဖမ်းခံစရာ မလိုတော့ဘူး"

ကျင်းဖုန်းက ပိလိန်နှင့်ချာရဲလုတို့အား တစ်လှည့်စီကြည့်နေလေသည်။ ထို့နောက် ကုလားထိုင်ပေါ်တွင်ထိုင်ကာ ငုံလေးလေးနက်နက် စဉ်းစားနေ၏။



အတန်ကြာသောအခါ သူက ချာရဲလုအား ပြုံးပြလိုက်လေသည်။

"ခင်ဗျားရဲ့ ကျွားလက်ဝါးက နာမည်ကြီးသင့်ပါလျက် ဝမ်းကျုံးစန်းကြောင့် နာမည်မရခဲ့ဘူး မဟုတ်လား"

ချာရဲလုက သူ့အား ပြုံးပြလိုက်၏။

သူက အခန်းတံခါးကို သွားရောက်ပိတ်လိုက်လေသည်။

တစ်ချိန်တည်းမှာပင် ကျင်းဖုန်းက ပိလိန်၏သွေးကြောများကို ပိတ်လိုက်၏။

ယင်းနောက် ကျင်းဖုန်းနှင့်ချာရဲလုတို့က တစ်ယောက်မျက်နှာ တစ်ယောက် အတန်ကြာအောင်စိုက်ကြည့်လိုက်လေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရှင်ချိန်ရီက နှစ်လိုဖွယ်ရာ ပြုံးပြလိုက်၏။

"အစ်ကို ... ဒီအရပ်ကို စိတ်မပျက်သေးဘူးလားဟင်"

ရှောင်ရှမ်းက ရှင်ချိန်ရီအား ပြန်လည်ပြုံးပြလိုက်သည်။

"အစ်ကိုကြီးကြိုးစားတာက တစ်ပတ်ပဲ ရှိသေးတယ် ... ဘာလို့ စိတ်ပျက်ရမှာလဲ"

ရှင်ချိန်ရီက ပြုံး၍ခေါင်းခါယမ်းလိုက်၏။

"ဒီရွာကလူတွေ ကြိုးစားခဲ့ကြတာဟာ သားစဉ်မြေးဆက်ပဲ ဒါပေမဲ့ မအောင်မြင်ခဲ့ဘူး"

ရှောင်ရှမ်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း ... လွယ်တော့မလွယ်ဘူး"

ရှင်ချိန်ရီက တစ်နေရာတွင် ဝင်ရောက်ထိုင်ချလိုက်၏။ ရှောင်ရှမ်းကလည်း သူမ၏နံဘေးတွင် ဝင်ထိုင်ချလိုက်သည်။

"ဒီနေရာက ပူလွန်းအေးလွန်းတော့ ဘယ်လိုမှ ဆန်စပါးအတွက် ကောင်းနိုင်မှာမဟုတ်ပါဘူး"

ဟု တစ်ကိုယ်တည်း ညည်းညူလိုက်လေသည်။

ရှင်ချိန်ရီက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် ... ဒီအရင်က ပူနွေးစိုစွတ်တဲ့ ရာသီမျိုးပဲ"



ရှောင်ရှမ်းက ပေါက်တူးကိုပခုံးပေါ်သို့ထမ်းကာ မတ်တတ်ရပ်လိုက်၏။ ရှင်ချိန်ရီက သူ့အား မော့ကြည့်လိုက်သည်။

"အစ်ကို စိတ်ပျက်သွားပြီလား"

ဟု မေးလိုက်လေသည်။

ရှောင်ရှမ်းက စကားပြန်မပြောဘဲ ရှင်ချိန်ရီအား ကြည့်လိုက်၏။

ရှင်ချိန်ရီ၏ မျက်ဝန်းအစုံတွင် တစ်စုံတစ်ခုသောအဓိပ္ပာယ်မှာ ပေါ်လွင်နေလေသည်။

ရှောင်ရှမ်းက သူမအား စိုက်ကြည့်နေမိ၏။

ရှင်ချိန်ရီသည် ထိုင်ရာမှထလိုက်ပြီး ရှောင်ရှမ်း၏လက်မောင်းအား ဆုပ်ကိုင်လှုပ်ယမ်းလိုက်၏။

"အစ်ကို ... ဒီက ထွက်သွားတော့မှာလားဟင်"

ရှောင်ရှမ်းက သူမအား အတန်ကြာစိုက်ကြည့်နေပြီးမှ သူမအား ပြုံး၍ခေါင်းခါယမ်းလိုက်သည်။

သူက ပခုံးတစ်ချက် တွန့်လိုက်ပြီး ...

"ဘာပဲဖြစ်ဖြစ် ဒီမြေက ကန်စွန်းဥတော့ စိုက်လို့ရပါသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်၏။

သူ၏စကားကြောင့် ရှင်ချိန်ရီ၏ မျက်နှာလေးမှာ ဝင်းလက်တောက်ပသွားလေတော့သည်။

✷

နေမင်းသည် ဖူရန်းမြို့ကလေးအား ခေါင်းပြူကာ ကြည့်နေပြီဖြစ်၏။

ရှောင်ရှမ်းက ပေါက်တူးကိုထမ်းလျက် မနေ့တုန်းဆီက မပြီးပြတ်သေးသော တောင်ယာကို ရှင်းလင်းတူးဆွရန် လျှောက်လာနေလေသည်။

သူသည် ယခင်နေ့များဆီက အရုဏ်မတက်မီ လုပ်ငန်းခွင်သို့ ရောက်ရှိခဲ့လေသည်။ သို့သော် မနေ့ညဆီက အိပ်ရာဝင်နောက်ကျခဲ့၏။

အတိအကျပြောရမည်ဆိုပါလျှင် ညဥ့်နက်သန်းယံ အချိန်ထိ သူအိပ်မပျော်ခဲ့ပါချေ။



အကြောင်းကား သူ၏မျက်လုံးထဲတွင် ရှင်ချိန်ရီ၏ မျက်နှာလေးကိုသာ ...။

✷

နေမြင့်လာသည်နှင့်အမျှ အပူဒဏ်က ပိုကဲလာ၏။

ရှောင်ရှမ်း၏ခန္ဓာကိုယ်တစ်ခုလုံးမှာ ချွေးများစိုရွှဲနေလေသည်။ သို့သော် ရှောင်ရှမ်းက မြေကြီးကို တူးဆွနေဆဲပင်။

ယင်းအချိန် ... ရှင်ချိန်ရီက စားသောက်စရာခြင်းတောင်းကိုရွက်လျက် သူကြီးနှင့်အတူ ရောက်ရှိလာလေသည်။

သူကြီးက ရှောင်ရှမ်းအားကြည့်ကာ ...

"ရှောင်ရှမ်း ... ဒီနေ့ကစပြီး မင်း သွားချင်တဲ့နေရာကို သွားနိုင်ပြီ၊ လှူသေမှုသတင်းကို ငါက တောင်ကြားမြို့ဝန်ဆီ သတင်းပို့ပြီးပြီ"

သူက စကားဆက်လိုက်သည်။

"မြို့ဝန်မင်းက အမှုပိတ်လိုက်ပြီလို့ အမိန့်စာပို့လိုက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



စားခန်းမထဲမှ ထွက်ခွာသွားလေသည်။

ထိုလူ ထွက်ခွာသွားရာသို့ မျက်လုံးတစ်စုံက လိုက်ကြည့်နေ၏။

ယင်းမျက်လုံးများသည် ကျောင်းကစားခန်းနှင့် ဆက်နေသော သီးသန့်အခန်း၏ ကန့်လန့်ကာပါးနောက်မှ စိုက်ကြည့်နေခြင်းဖြစ်သည်။

မျက်လုံးပိုင်ရှင်ကား ကျောင်းကစားခန်းမကြီး၏ ပိုင်ရှင် ကျင်းဖုန်းပင်ဖြစ်လေသည်။

သူက ရုတ်တရက် ချာရဲလုထံသို့ လှည့်ကြည့်လိုက်၏။

"ချာရဲလု ... ခမောက်ဆောင်းထားတဲ့လူက ဘယ်သူလဲ"

ချာရဲလုက ဦးညွှတ်လိုက်သည်။

"မကြာခင် သိစေရပါမယ်"

ပြောပြီး မိမိဘေးမှ လူနှစ်ယောက် အား လှမ်းကြည့်လိုက်သည်။ ထိုလူနှစ်ယောက်က ဦးညွှတ်ကာ ချက်ချင်းထွက်ခွာသွားလေတော့သည်။

* * *



## အခန်း (၂၄)

ခမောက်ဆောင်းထားသောလူသည် လမ်းကျဉ်းကလေးသို့ ချိုးကွေ့လိုက်၏။ မကြာမီ ထိုလမ်းကျဉ်းကလေး၏ထိပ်၌ လူရိပ်နှစ်ရိပ် ပေါ်လာသည်။ ယင်းလူနှစ်ယောက်မှာ ချာရဲလု၏တပည့်များဖြစ်ကြ၏။

သူတို့၏ခန္ဓာကိုယ်ပေါ်တွင် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး မျက်နှာအား အနက်ရောင်ပဝါ စည်းထား၏။ ပဝါကြားမှ ထွက်ပေါ်နေသော မျက်လုံးနှစ်လုံးက ခမောက်ဆောင်းထားသော လူနောက်သို့ ခြေလှမ်းမှန်မှန်ဖြင့် လိုက်နေလေသည်။

ဝါးခမောက်နှင့်လူက ခြေလှမ်းမှန်မှန်ဖြင့် လျှောက်နေရာမှ ရုတ်တရက် ဘယ်ဘက်လမ်းကြားရှိအိမ်ကလေးဘေးမှ လမ်းကြားထဲသို့ ပြေးဝင်သွား၏။

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူနှစ်ယောက်သ

www.burmeseclassic.com

www.burmeseclassic.com



မင်းလည်း မင်းမှုထမ်းတစ်ယောက်ဖြစ်နေပြီ"

ရှောင်ရှမ်း ပါးစပ်ပိတ်ထားလိုက်သည်။ သူ့အနေဖြင့် ပြော ရန်စကားလည်း ရှာမတွေ့ပါ။ ထို့ကြောင့် မြင်းလှည်းကို အမြန်ဆုံး မောင်းနှင်လိုက်၏။ ခမောက်နှင့်လူ၏ ရယ်မောသံက သူ၏နောက် ဘက်တွင် လွင့်ပျံ့ကျန်ရစ်လေတော့၏။

"ဟား ဟား ဟား"

✱

ရှောင်ရှမ်းသည် မြင်းလှည်းကို ဒုန်းစိုင်းမောင်းနှင်လာ၏။ ထိုအချိန်တွင် ရှင်ချိန်ရှီသည် ခုန်ပေါက်၍ သူ့အားလက်ဝှေ့ယမ်းပြနေ သည်ကို တွေ့မြင်လိုက်ရလေသည်။

သူမသည် ရှောင်ရှမ်းအား နေ့စဉ်ရက်ဆက် ယခုကဲ့သို့ ရှ ထိပ်မှ စောင့်မျှော်နေခြင်း ဖြစ်လေသည်။ သူမအား တွေ့မြင်လိုက် သဖြင့် ရှောင်ရှမ်းတွင် မြင်းလှည်းအရှိန်ကို ပို၍မြှင့်တင်ကာ မောင်းနှ လာ၏။



"အစ်ကို"

ရှင်ချိန်ရှီက အော်ဟစ်ရင်း သူ့ထံသို့ ပြေးလွှားလာလေ သည်။ ရှောင်ရှမ်းက မြင်းလှည်းပေါ်မှ ခုန်းဆင်းကာ သူမအား ဆီး ကြိုပွေ့ဖက်ထားလိုက်၏။ အချိန်မည်မျှ ကြာသွားမှန်းမသိပါ။

ရုတ်တရက် ရှောင်ရှမ်း၏နားထဲသို့ ခြေဖော့နင်းလျှက် လျှောက်လာနေသော အသံကိုကြားလိုက်ရလေသည်။ သူသည် ရှင် ချိန်ရှီအား အသာအယာဆွဲဖယ်ကာ လမ်းဘေးဝဲယာသို့ ကြည့်လိုက် လေသည်။

မည်သည့်လှုပ်ရှားမှုကိုမျှ မတွေ့ရချေ။ ရှင်ချိန်ရှီက ရှောင်ရှမ်းအားကြည့်ကာ အံ့ဩဟန်ဖြင့် ...

"အစ်ကို ဘာ"

စကားမဆုံးမီမှာပင် ရှောင်ရှမ်းက နှုတ်ခမ်းပေါ် လက်ညှိုး ကိုဖြတ်တင်ကာ ...

"ရှူး ... တိုးတိုး"

ဟု ဟန့်တားလိုက်၏။ ပြီးနောက် သူသည် အတန်ကြာ အောင် နားစွင့်နေ၏။ သို့သော် မည်သည့်လှုပ်ရှားသံကိုမျှ မကြားရ တော့ပါ။ ရှောင်ရှမ်း သက်ပြင်းတစ်ချက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းဖုန်းက အားပါးတရရယ်မောလိုက်၏။

"ဆုငွေထုတ်ထားတဲ့လူဆိုးတွေကို လိုက်ဖမ်းပြီး ဆုငွေထုတ်ယူတဲ့ ယန်ချူးဆိုတဲ့လူရဲ့ နာမည်ကလည်း သိုင်းလောကမှာ အရှိန်မသေးပါဘူးလေ"

သူက မျက်ခုံးပင့်ကာ ကြည့်လိုက်ပြီး ...

"ဒါနဲ့ ခင်ဗျားရဲ့အလုပ်ကတော့ မလွယ်ဘူးနော်"

ယန်းချူးက ပြုံးလိုက်သည်။

"လောင်းကစားနဲ့ စီးပွားရှာတာလောက်တော့ ဘယ်လွယ်ပါ့မလဲ"

ကျင်းဖုန်းကပြုံးလိုက်သည်။

"ဒါလည်း လွယ်တယ်မထင်ပါနဲ့ဗျာ"

ယန်ချူးက ရယ်မောလိုက်သည်။

"ဟုတ်တာပေါ့ ... စီးပွားရှာတဲ့နေရာမှာ သူ့အသက်ပါလာရင် ခက်ခဲတာချည်းပါပဲ"

ကျင်းဖုန်း၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။ ယန်ချူးက ပြုံးလိုက်လေသည်။

"အရက်ခွက်ခြောက်ခွက်ထဲမှာ တစ်ခွက်ကိုအဆိပ်ခတ်ထား



တယ်ဆိုတဲ့ လောင်းကစားနည်းဟာ အင်မတန်မှ စိတ်ဝင်စား စရာကောင်းပါတယ်"

ကျင်းဖုန်းက တစ်ချက်ရယ်မောလိုက်၏။

"ဒီခွက်ထဲမှာတော့ ဘာအဆိပ်မှမရှိဘူးနော်"

သူက စားပွဲပေါ်ရှိအရက်ခွက်များကို ညွှန်ပြကာ [illegible] ပြော[illegible]လိုက်ခြင်းဖြစ်၏။ ယန်ချူးက ရယ်မောလိုက်သည်။

"ဒါနဲ့ ပိလိန်ရဲ့အလှက နာမည်တကယ်ကြီ[illegible]းတ[illegible]ယ်နော်"

ကျင်းဖုန်းက ပြုံးလိုက်၏။

"ပိလိန်ကို တွေ့ဖူးသလား"

"မတွေ့ဖူးပါဘူး၊ ဒါပေမဲ့ နာမည်ကြီးပြီ[illegible] စိတ်ဝင်စားခဲ့တာပါ"

"ကောင်းပြီလေ ... ဒါဆိုရင် လူကိုယ[illegible]တွေ့လိုက်ပါဦး"

ရုတ်တရက် သူက ငွေမောင်းလေး[illegible]အား ထုလိုက်၏။

'ဒူ'

သူ၏မောင်းသံဆုံးသွားသည်နှင့် ပိလိန်က အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။ ကျင်းဖုန်းက ၁[illegible]ူမအား ပြုံးပြလိုက်၏။

"ပိလိန် ... မင်းက ဒီအစ်ကိုကြီ[illegible]းကို ပြုစုလိုက်ပါ"



www.burmeseclassic.com

